စိတ်ကူးချိုချိုအနုပညာ

ရှင်ချမ်းမြတ်စီကုံး၍
မင်းသုဝဏ်တည်းဖြတ်ပေးသော

# လောကသာရပျို့

[illegible]

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

ခပ်သိမ်းပြည်သူ၊ လူရဟန်းကို
သိမ်းမြန်းပိုက်ထုပ်၊ ကြက်သားအုပ်သို့
မလှုပ်စေကြောင်း၊ ဖြည့်ဖြားယောင်းလျက်
ကျင့်ဟောင်းမလွန်၊ တုတ်ခွန်မပြင်း
သနားခြင်းဖြင့်၊ နှိပ်နင်းကလူ
မပူစေရ၊ ကွပ်ဆုံးမလော့ ။
ထွန်းပပြောင်ပြောင်၊ ထက်မိုးခေါင်၌
အရောင်ချမ်းလွန်၊ လဗိမာန်လျှင်
ပူပန်မရှိ၊ ငြိမ်းစေဘိ၍
ကြယ်တီရံကာ၊ တင့်တယ်စွာသို့
ဗမာပုံသင့်၊ လနှယ်ကျင့်၍
လင်းပွင့်တိုင်းကား၊ စည်ပင်ပွားလျက်
လူများကောင်းချီး တွန်စေမင်း ။ ။

# လောကသာရပျို့

MTW0009
2,500.00 KS

mgyoe.com

လောကသာရပျို့(ပျို့အပြေအဘိဓာန် သုံးစောင်တွဲ)၊ ရခိုင်သူမြတ်
အပြင်အဆင် - အမ်အက်စ်အို
စာမျက်နှာ ၁၆၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၅၅ ခု ကုသလဝတီပုံနှိပ်တိုက်၏မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လောကသာရပျို့

(ပျို့၊အဖြေ၊အဘိဓာန် သုံးစောင်တွဲ)

## ရခိုင်သူမြတ်

စီကုံး၍

## ဆရာမင်းသုဝဏ်

သင်ကြားပို့ချသည့်အတိုင်း

တည်းဖြတ်ဖြေဆိုဖွင့်ပြထားသည်။

မြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၀၅

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | လောကသာရပျို့နှင့် ပျို့ဆရာရခိုင်သူမြတ်တို့၏အတ္ထုပ္ပတ္တိ | | ... | ၁ |
| ၂။ | လောကသာရပျို့၏ ထူးခြားချက် သုံးရပ် | | ... | ၂ |
| ၃။ | လောကသာရပျို့နှင့် ဗလငါးတန် | | ... | ၃ |
| | ပထမပိုင်း(အမျိုးလေးပါးဆုံးမခန်း) | | | |
| ၄။ | ကြားပိမ့်သူမြတ် | ချီ | ... | ၁၄ |
| ၅။ | အသက်ရှည်စွာ | ချီ | ... | ၁၅ |
| ၆။ | သူကြီးမိဘ | ချီ | ... | ၁၆ |
| ၇။ | ဆန္ဒဒေါသာ | ချီ | ... | ၁၇ |
| ၈။ | ကိုယ်နှုတ်နှလုံး | ချီ | ... | ၁၈ |
| ၉။ | ပညာမျက်စိ | ချီ | ... | ၁၉ |
| ၁၀။ | ပါဏာတိပါတ် | ချီ | ... | ၂၀ |
| ၁၁။ | မိခင်ဖခင် | ချီ | ... | ၂၁ |
| ၁၂။ | စတုဒီသာ | ချီ | ... | ၂၂ |
| ၁၃။ | အနိစ္စနှင့် | ချီ | ... | ၂၃ |
| ၁၄။ | လောဘဒေါသ | ချီ | ... | ၂၄ |


mgyoe.com

| | | | | |
|---|---|---|---|---|
| ၁၅။ | လယ်လုပ်ကုန်သွယ် | ချီ | ... | ၂၅ |
| ၁၆။ | ထုံးတီးနည်းနာ | ချီ | ... | ၂၇ |
| ၁၇။ | ဘေးဘိုးစဉ်ဆက် | ချီ | ... | ၂၈ |
| ၁၈။ | သူတော်တကာ | ချီ | ... | ၂၉ |
| ၁၉။ | ဃရာဝါသ | ချီ | ... | ၃၀ |
| ၂၀။ | လေးကျွန်းထိပ်ခေါင် | ချီ | ... | ၃၁ |
| ၂၁။ | စေ့မြေ့သိပ်သည်း | ချီ | ... | ၃၂ |
| ၂၂။ | လုံ့လပညာ | ချီ | ... | ၃၃ |
| ၂၃။ | ကြောင်းပါးခရီး | ချီ | ... | ၃၄ |
| ၂၄။ | ပျူပျူငှာငှာ | ချီ | ... | ၃၆ |
| ၂၅။ | လောကသာရ | ချီ(က) | ... | ၃၇ |


## ဒုတိယပိုင်း(မင်းဆုံးမခန်း)


| | | | | |
|---|---|---|---|---|
| ၂၆။ | ပြည်သူ့ထွတ်ဦး | ချီ | ... | ၄၀ |
| ၂၇။ | ပြည်ကြီးသနင်း | ချီ | ... | ၄၂ |
| ၂၈။ | မမေ့မလျော့ | ချီ | ... | ၄၃ |
| ၂၉။ | ပြည်ထဲအရေး | ချီ | ... | ၄၄ |
| ၃၀။ | သူ့ပြည်သူ့ရွာ | ချီ | ... | ၄၆ |
| ၃၁။ | ကိုယ့်ပြည်ကိုယ့်ရွာ | ချီ | ... | ၄၇ |
| ၃၂။ | ခပ်သိမ်းပြည်သူ | ချီ | ... | ၄၈ |
| ၃၃။ | လူတို့အထိပ် | ချီ | ... | ၄၉ |
| ၃၄။ | ကာမဒေဝ | ချီ | ... | ၅၁ |
| ၃၅။ | မာသုကုဗ္ဗိမဟာရာဇ | ချီ | ... | ၅၃ |
| ၃၆။ | ခပ်သိမ်းပြည်သူ | ချီ | ... | ၅၅ |
| ၃၇။ | သမ္ဘာရင့်ဖြိုး | ချီ | ... | ၅၇ |
| ၃၈။ | ဆင်မြင်းရထား | ချီ | ... | ၅၉ |
| ၃၉။ | သာမျှမစွ | ချီ | ... | ၆၁ |
| ၄၀။ | အမျိုးလေးပါး | ချီ | ... | ၆၂ |
| ၄၁။ | အခေါင်ကြွင်နန်း | ချီ | ... | ၆၆ |
| ၄၂။ | နရာဓိပတိ | ချီ | ... | ၆၆ |


mgyoe.com

mgyoe.com
၄၃။ ဗာဟုဗလ ချီ ... ၆၈

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၄။ အပွမေယျ | ချီ | ... | ၇၀ |
| ၄၅။ ဝသုန္ဓရာ | ချီ | ... | ၇၂ |
| ၄၆။ မဟီပတိ | ချီ | ... | ၇၄ |
| ၄၇။ လက်ာဒီပ | ချီ | ... | ၇၆ |
| ၄၈။ သဟာဿနေတ္တ | ချီ | ... | ၇၈ |
| ၄၉။ အခါတစ်ပါး | ချီ | ... | ၈၀ |
| ၅၀။ လောကသာရ | ချီ (ခ) | ... | ၈၂ |

တတိယပိုင်း(ပုဏ္ဏားဆုံးမခန်း)

| | | | |
|---|---|---|---|
| ၅၁။ မှတ်ကုန်ကြလော့ | ချီ | ... | ၈၄ |
| ၅၂။ ဟောရဂန္ထ | ချီ | ... | ၈၆ |
| ၅၃။ သာမယဇု | ချီ | ... | ၈၈ |
| ၅၄။ ဥဒည်းမဗျှင် | ချီ | ... | ၉၀ |
| ၅၅။ ဂြဟာသင်္ဂြိ | ချီ | ... | ၉၂ |
| ၅၆။ ကျေးဇူးပညာ | ချီ | ... | ၉၄ |
| ၅၇။ လက္ခဏာကြန် | ချီ | ... | ၉၅ |
| ၅၈။ ကျယ်ဝန်းစကြဝဠာ | ချီ | ... | ၉၆ |
| ၅၉။ ခက်ဆစ်အဘိဓာန် | ချီ | ... | ၉၉ |
| ၆၀။ ခက်ဆစ်အဖြေ | ချီ | ... | ၁၄၁ |

**ခက်ဆစ်အဘိဓာန်**
**ခက်ဆစ်အဖြေ**

■

mgyoe.com

mgyoe.com

ဆရာကြီးမင်းသုဝဏ်
သင်ကြားပို့ချသည့်အတိုင်း
တည်းဖြတ် ဖြေဆိုဖွင့်ပြအပ်သော

# လောကသာရပျို့

## သုံးစောင်တွဲ

mgyoe.com

mgyoe.com

# လောကသာရပျို့နှင့် ပျို့ဆရာ ရခိုင်သူမြတ်တို့၏ အတ္ထုပ္ပတ္တိ

သက္ကရာဇ် ၆၈၈ ခုနှစ်တွင် မင်းလျှင်စောသည် သရက်မြို့ကို တည်၍နေသည်။ သက် လူမျိုးများကို အုပ်စိုးသောကြောင့် သက်မင်းဟု ကျော်စောသည်။ သက်မင်းလျှင်စောတွင် စောစုံ၊ စောဖြူ၊ စောတူဟု သားတော်သုံးပါးရှိသည်။

သက်တို့သည် ရခိုင်ရိုးမ တောင်စဉ်တောင်တန်းရှိ ကျေးရွာများကို သွားရောက်တိုက်ခိုက် ဖျက်ဆီးကြသည်။ ထိုအခါ ရခိုင်ဘုရင်မင်းထီးသည် အမတ်ကြီးရာဇစည်သူသင်္ကြံကို စေလွှတ်၍ သရက်ကို အတိုက်ခိုင်းသည်။

သက္ကရာဇ် ၆၉၅ ခုတွင် အမတ်ကြီးသည် စစ်သည်ဗိုလ်ပါအများနှင့် ရိုးမတောင်ကို ဖြတ်ကျော်ချီတက်ကာ သက်မင်းလျှင်စောအား သားတော်၊ သမီးတော်၊မိဖုရားမောင်းမတို့နှင့်အတူ ပရိယာယ်ဖြင့် အလွယ်တကူ ရခိုင်သို့ဆောင်ယူလေသည်။

မင်းလျှင်စောလည်း ရခိုင်သို့ရောက်လျှင် သားတော်သုံးပါးတို့ကို ပိဋကတ်ဗေဒင်တတ်သော 'သူမြတ်'ဝယ် အပ်လေ၏။ မင်းသားသုံးပါးလည်း ပိဋကတ်ဗေဒင်သင်၍ တတ်လေလျှင် 'ဆရာသူမြတ်'အိပ်မက်မြင်တော်မူ၏။ နောင်တော်အကြီး စောစုံသည် စမုန်မြစ်ရေကို သောက်၍ ကုန်သည်ဟု မက်၏။ ညီတော်အလတ် စောဖြူသည် ဖိုးဦးမော်ရေကို သောက်၍ကုန်သည်ဟု မက်၏။ ညီတော်အငယ် စောတူသည် အဝမြစ်ငယ်ရေကို သောက်၍ကုန်သည်ဟု မက်၏။ 'ဆရာ

mgyoe.com

သူမြတ်'လည်း မင်းသုံးပါးကိုခေါ်၍ အမောင်တို့လည်း စစ်ကိုင်း၊ ပင်းယသို့သွား၍ နေကြလေ။ မင်းချည်းဖြစ်လိမ့်မည်။ 'မင်းဖြစ်လျှင် ငါ့ကိုမမေ့ပါနှင့်'ဟု မိန့်တော်မူ၏။ မင်းညီနောင် သုံးပါးတို့လည်း ခမည်းတော်၊ မယ်တော်တို့ကို လျှောက်၍ သက္ကရာဇ် ၇၀၅ ခုတွင် အရှေ့ပြည်သို့ သွားကြလေသည်။ စစ်ကိုင်း၊ ပင်းယသို့ ရောက်လျှင် စောစုံသည် မြင်စိုင်းမြို့ကို စားရသည်။ စောဖြူသည် ပြည်မြို့ကို စားရသည်။ စောတုသည် အမြင့်မြို့ကို 'တရဖျားစောကဲ' အမည်နှင့် စားရသည်။

နောင်သောအခါ အမြင့်တရဖျားစောကဲသည် အဝမြို့တွင် 'မင်းကြီးစွာစောကဲ'အမည်နှင့် မင်းဖြစ်လေသည်။ မင်းကြီးစွာစောကဲသည် ပညာရှိကို ချစ်တော်မူတတ်သည်။ ပညာရှိ စကားကို နားထောင်တော်မူတတ်သည်။ မင်းကြီးလက်ထက်တွင် စဉ်းတပစ်အမတ်နှင့် ဝန်စင်းမင်းရာဇာတို့သည် မင်းတိုင်ပင်ပညာရှိများ ဖြစ်ကြသည်။ မင်းဖြစ်၍ တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ မင်းကြီးသည်မိမိ၏ ငယ်ဆရာ ရခိုင်သူမြတ်ကို သတိရ၍ နေပြည်တော်သို့ပင့်ခေါ်ကာ မဟာသင်္ဃရာဇာ ဟူသော တံဆိပ်နာမံကပ်လှူပြီးလျှင် ကိုးကွယ်တော်မူလေသည်။

ထို မဟာသင်္ဃရာဇာ တံဆိပ်နာမံကို ခံယူတော်မူသည့် ရခိုင်သူမြတ်သည် မင်းသားသုံးပါးကို စာပေချစဉ်အခါက 'လောကသာရပျို့'ကို စီကုံးကာ မင်းသားတို့အား သင်ကြားပေးလေသည်။

ဤကား ဦးကုလားရာဇဝင်၊မဉ္ဇုဝတီအရေးတော်ပုံ၊သာသနာလင်္ကာရ စာတမ်းတို့နှင့် အညီဖြစ်သော လောကသာရပျို့နှင့် ပျို့ဆရာတို့၏ အတ္ထုပ္ပတ္တိ ပေတည်း။ ။

## လောကသာရပျို့၏ ထူးခြားချက် သုံးရပ်

လောကသာရပျို့သည် (၁) အဟောင်းဆုံးပျို့ ဖြစ်သည်။ (၂) လူသိ အများဆုံးပျို့ဖြစ်သည်။ (၃) ကာရန်သတ်ပုံ မှန်ကန်သောပျို့ဖြစ်သည်။

(၁) ရာဇဝင်ကြောင်း အရဆိုလျှင် လောကသာရပျို့ကို ရခိုင်သူမြတ်သည် သက္ကရာဇ် ၆၉၅ ခုနှစ်နှင့် ၇၀၅ ခုနှစ်အကြားတွင် စီကုံးသည်ဟု ယူမှတ်ရပေမည်။ သို့ဖြစ်ပါက နှစ်ပေါင်း ခြောက်ရာကျော်လေပြီ။

mgyoe.com

mgyoe.com

(၂) မြန်မာမင်းများလက်ထက်က လောကသာရပျို့ကို မည်မျှ အသုံးပြုခဲ့ကြသည်ဟု မသိနိုင်သော်လည်း အင်္ဂလိပ်မင်းများ လက်ထက်တွင်ကား နှစ်ပေါင်းများစွာ အသုံးပြုခဲ့ကြလေပြီ။ ပြည်ထောင်စု မြန်မာနိုင်ငံခေတ်တွင်လည်း ဤပျို့ကို တစ်ဖန် အသုံးပြုလျက် ရှိပြန်လေပြီ။ နှစ်ပေါင်းခြောက်ရာကျော်မျှ မြန်မာတို့၏ အကျိုးကိုဆောင်ခဲ့သည့် ဤပျို့၏ ကျေးဇူးကားကြီးလှပေစွတကား။

(၃) ယခုလက်ရှိ လောကသာရပျို့မူ အချို့တွင် ကာရန်တိမ်းယိမ်းချက်အနည်းငယ်ကို တွေ့နေရသော်ငြားလည်း ဝေါဟာရတ္ထပကာသနီကျမ်းပြုသူ ဒုတိယကျော်အောင်စံထား ဆရာတော်နှင့် သတ်ညွှန်းသစ်ကျမ်းပြုသူ တွင်းသင်းတိုက်ဝန် မဟာစည်သူတို့သည် သတ်ပုံအလို့ငှာ ဤပျို့ကို များစွာထုတ်ဆောင်ကိုးကားခဲ့ကြလေပြီ။ ။

## လောကသာရပျို့နှင့် ဗလငါးတန်

လောကတွင် လူတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လုပ်ထိုက်သည်ကို လုပ်ရမည်။ ရထိုက်သည်ကို ရရမည်။

ဥပမာ– ဆရာသည် တပည့်အား ပညာသင်ပေးထိုက်သည်။ တပည့်သည် ဆရာထံမှ ပညာသင်ယူထိုက်သည်။ ဆရာသည် တပည့်ထံမှ ရိုသေလေးစားမှုကို ရထိုက်သည်။ တပည့်သည် ဆရာထံမှ ချစ်ခင်သနားမှုကို ရထိုက်သည်။

လုပ်ထိုက်သည်ကို တာဝန်ဝတ္တရားဟုခေါ်၍ ရထိုက်သည်ကို အခွင့်အရေးဟု ခေါ်သည်။ လူတို့သည် တာဝန်ဝတ္တရားကို မဆောင်ရွက်။ အခွင့်အရေးကိုကား ရယူ၏ဆိုလျှင် လောကသည် မငြိမ်ဝပ်နိုင်ရာ။ တစ်ဖန် အခွင့်အရေးကို မရယူနိုင်။ တာဝန်ဝတ္တရားကိုကား ဆောင်ရွက်ရ၏ဆိုလျှင်လည်း လောကသည် မငြိမ်ဝပ်နိုင်ရာ။

ဥပမာအားဖြင့်ဆိုသော် သူငယ်တို့ လေထဲတွင်လွှတ်သောစွန်သည် တစ်ဖက်တိမ်းနေလျှင် မငြိမ်ဝပ်နိုင်သကဲ့သို့ဖြစ်ပေသည်။ စွန်သည် တစ်ဖက်ဖက်က အလေးသာနေလျှင် ထိုဘက်သို့ တိမ်းနေသဖြင့် ထိန်းမရဖြစ်ကာ နောက်ဆုံး၌ မြေသို့ကျ၍ ပျက်စီးရလေသည်။ ထိုနည်းတူစွာ တိုင်းပြည်တစ်ခု၌ လူတို့သည် အခွင့်အရေးကိုသာ ခံစားလျက် တာဝန်ဝတ္တရားကို မဆောင်ရွက်ကြပါမူ ထိုတိုင်းပြည်သည်
mgyoe.com

mgype.com

ထိန်းမရနိုင်ဘဲ မကြာမီ ပျက်စီးရချေမည်။

ထိုဘေးကြီးကိုမြင်သော 'ရခိုင်သူမြတ်'သည် အမျိုးလေးပါးတို့အား တာဝန်ဝတ္တရားကို သင်ပြလိုသောကြောင့် ဤ 'လောကသာရပျို့'ကို စီကုံးလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဖိုးသုညတွေ ပျောက်အောင် ဗလငါးတန်ဘက်ကို အစိုးရရော လူထုပါ ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။ ထိုဗလငါးတန်တို့သည်ကား–

(၁) ကာယဗလ – ကိုယ်ကျန်းမာသန်စွမ်းခြင်း။

(၂) ဉာဏဗလ – ပညာတတ်မြောက်ခြင်း။

(၃) ဘောဂဗလ – ပစ္စည်းနှင့်ပြည့်စုံခြင်း။

(၄) မိတ္တဗလ – မိတ်ဆွေကောင်းရှိခြင်း။

(၅) စာရိတ္တဗလ – အမူအကျင့် မွန်မြတ်ခြင်းတို့ ဖြစ်ကြပေသည်။

ထိုဗလငါးတန်နှင့် ပြည့်စုံလိုသူသည် ဤလောကသာရပျို့ကို လေ့လာမှတ်သား လိုက်နာရပေမည်။ မြန်မာတို့၏ ဘေးဘိုးဘီဘင်တို့သည် ဤပျို့ကို လေ့လာမှတ်သားလိုက်နာ၍ ဗလငါးတန်နှင့် ပြည့်စုံကာ နိုင်ငံကြီးအေးချမ်းသာယာဝပြောစည်ပင်ခဲ့ဖူးလေပြီ။

## ကာယဗလ

ရှေးက မြန်မာတို့သည် လယ်ထွန်ကြသည်။ ယာလုပ်ကြသည်။ မောင်းထောင်းကြသည်။ ဆန်ဖွပ်ကြသည်။ သူတို့သည် ယောကျ်ားလည်း ယောကျ်ားအလျောက်၊ မိန်းမလည်း မိန်းမအလျောက် ခွန်အားဗလနှင့် ပြည့်စုံကြရာသည်။ ရိုးသားစွာ စားသောက်နေထိုင်ကြသဖြင့် ရောဂါဘယလည်း ဆန်းပြားထွေလီစွာဖြစ်ပေါ်ခဲ့ပုံ မရချေ။ ထို့ကြောင့် ယခုကာလတွင်ကဲ့သို့ အလေးမခြင်း၊ ပြေးခုန်ခြင်း၊ လှေခတ်ခြင်း၊ ဘောကန်ခြင်းတို့ကို အထူးတလည် အရေးယူဖို့ လိုခဲ့ပုံမရချေ။ သို့သော်လည်း ကိုးဆယ့်ခြောက်ပါးသောရောဂါတို့ ပေါ်ပေါက်လာလျှင်ကား ပျောက်ကင်းအောင် ကုစားဖို့ရန် ဆေးဆရာများသည် ဆေးကျမ်းများကို လေ့လာ

mgyoe.com

ရလေသည်။ ဆေးမြစ်များကို လေ့လာရလေသည်။ ဆေးကျမ်းတို့တွင် ပါသော အနက်အဓိပ္ပာယ်တို့ကို အကျယ်တဝင့် နားလည်ရသည်။ ဆေးမြစ်တို့၏ အရသာ တန်ခိုးသတ္တိတို့ကို လေးနက်စွာ နားလည်ရသည်။ သလိပ်၊ သည်းခြေ၊ လေတို့ ကြောင့်ဖြစ်သော ၉၆ ပါးသောရောဂါတို့ကို နားလည်ရသည်။ ဤအချက်ကို ညွှန်ပြလိုသဖြင့် ရခိုင်သူမြတ်သည် ဤသို့ရေးခဲ့လေသည်။

*ဆေးသမားလည်း၊ ဆေးဝါးအဖြစ်*
*ဆေးမြစ်လေ့ကျွမ်း၊ ပိဋကျော်ပြွမ်း၍*
*ဆေးကျမ်းထိုထို၊ ရသာကိုလည်း*
*ဖွင့်ဆိုတတ်ကျယ်၊ ဓိပ္ပာယ်အနက်*
*လွန်လေ့ကျက်၍၊ ဓာတ်ပျက်သည်းခြေ*
*သွေးလေချောက်ချား၊ သလိပ်ဖျားက*
*စသည့်ရောဂါ၊ အနာအမျိုး*
*ကိုးဆယ့်ခြောက်ပါး၊ အပြားပြားကို*
*မမှားလွတ်အောင်၊ ကုသဆောင်၍*
*အခေါင်သမား မြောက်စေမင်း။*

## ဉာဏဗလ

ဗလငါးတန်တို့သည် ဆိုင်ရာဆိုင်ရာတွင် အရေးကြီးကြသည်။ အသ ကြသည်။ သို့သော်လည်း ဉာဏဗလခေါ် ပညာတတ်ခြင်းသည်ကား င အကြီးဆုံး အသုံးအဝင်ဆုံး ဖြစ်ပေသည်။ အားလုံးသော ဗလတို့၏ ခေါင်းင လည်း ဖြစ်သည်။ ဉာဏဗလသည် နိဗ္ဗာန်သွားရာလမ်းသို့ပင် ရှေးရှုခေါ် သွားနိုင်သည်။ ဤအချက်တို့ကို ထင်ရှားစေလိုသော ရခိုင်သူမြတ်သည် ရေးခဲ့သည်။

အင်ငါးမည်တွင်၊ အထွတ်တင်သား
မျက်ရှင်အလား၊ ပညာအားလျှင်
စီးပွားမြင်နိုင်၊ အခေါင်တိုင်၏။

mgyoe.com

mgyoe.com

*ပြည့်လိုင်ကျေးရူး၊ အထူးထူးတွင်*
*အမှုူးစင်စစ်၊ ရှေ့သွားဖြစ်လျက်*
*အပြစ်ခွာရှောင်၊ အကျိုးဆောင်သား*
*တတ်ခေါင်ပညာ၊ မတ်လိမ္မာကို*
*စေပါးသုံးစွဲ၊ ကိုယ်၌မြဲက*
*ငရဲမလား၊ ရှေးရှုသွားလျက်*
*မြတ်များနိဗ္ဗာန်၊ ခရီးညွန်ရှင့်။*

ထိုသို့ ကျေးဇူးပြုတတ်သော ပညာကို သင်ကြားလေ့လာရာသည်။ သင်ကြားလေ့လာရာတွင်လည်း အမိအဖ၊ ဆရာသမားတို့၏ မေတ္တာ၊ ကရုဏာရှေ့ထား၍ ဆုံးမသော စကားတို့ကို လိုက်နာကာ လေ့လာရာသည်။ ထို့ကြောင့် ရခိုင်သူမြတ်က ဤသို့ တိုက်တွန်းခဲ့သည်။

*မိဘဆရာ၊ စကားနာ၍*
*ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့။*

ပညာကို ဘယ်အရွယ်တွင် သင်ရမည်နည်း။ ငယ်ရွယ်စဉ်သင်ရမည်။ ဘယ်သူ့ထံတွင် သင်ရမည်နည်း။ ဆရာစစ်၊ ဆရာကောင်းထံတွင် သင်ရမည်။ ဘယ်သို့သင်ရမည်နည်း။ ဆရာ့ထံတွင် ပုဆစ်ဒူးတုပ်၍ သင်ရမည်။ ရိုသေလေးစားစွာ သင်ရမည်။ ကြိုးစားအားထုတ်၍ သင်ရမည်။ အခွင့်ကောင်းကို ချောင်းမြောင်းစောင့်စား၍ သင်ရမည်။ ဆရာက ကြိမ်းမောင်း ဆူပူသော်လည်း သည်းခံ၍ သင်ရမည်။ ဤသို့ ဆုံးမညွှန်ကြားလိုသော ရခိုင်သူမြတ်သည် အောက်ပါတို့ကို ရေးသားလေသည်။

*မကြီးသက်ရွယ်၊ အငယ်သော်က*
*ကြိုးလုံ့လလျက်၊ တုပ်ကွပုဆစ်*
*ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ*
*လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း*
*တချောင်းချောင်းလျှင်၊ ခြိမ်းမောင်း(သော်ခါ)၊ သည်းခံ(ပါလော့)။*

အတတ်ပညာ ဘယ်နှစ်မျိုးရှိပါသနည်း။ အဌာရသတစ်ဆယ့်ရှစ်မျိုး

mgyoe.com

mgyoe.com

ရှိသည်။ အားလုံးကိုသင်ရမည်လား။ သင်နိုင်လျှင် ကောင်းသည်။ မသင်နိုင်ပါက တစ်ခုခုကို ကောင်းစွာတတ်အောင်သင်ပါ။ သို့မှသာ ချမ်းသာစွာ အသက်မွေးနိုင်မည်။ ပညာမတတ်လျှင် သူတစ်ပါး၏ ကဲ့ရဲ့ခြင်းကိုခံရမည်။ ဒုက္ခလည်း များစွာရောက်မည်။ ပညာမရှိသူကို လူတို့ မရိုသေကြ။ အိုသောအခါ လှောင်ပြောင်သရော်ခြင်းကိုပင် ပြုတတ်ကြသည်။ ဤသို့သောအပြစ်တို့ကို ထင်ရှားပြလိုသော ရခိုင်သူမြတ်သည် အောက်ပါအတိုင်း ဖွဲ့စီပြန်သည်။

*ထိုသိပ္ပကို*
*နှံ့မျှလုံးခြုံ၊ မတတ်တုံလည်း*
*တစ်စုံတစ်ခု၊ တတ်အောင်ပြု၍*
*လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့။*
*ညဥ့်မှောင်မသိ၊ ကြက်မျက်စိသို့*
*မိမိကိုယ်ဖို့၊ အတတ်ချို့သော်*
*သူတို့ပြစ်တင်၊ ဆင်းရဲဖျင်အံ့။*
*ထင်ထင်မျက်မြော်၊ မကော်ရော်သည်*
*အိုသော် သူမရယ်စေနှင့်မင်း။*

## ဘောဂဗလ

လူတို့သည် မတောင့်မတ မကြောင့်မကြရဘဲ နေလိုကြလျှင် အလုပ်လုပ်ကြရမည်။ ပစ္စည်းရှာကြရမည်။ မည်သို့သော အလုပ်များကိုလုပ်၍ ပစ္စည်းရှာကြရပါမည်နည်း။ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းဖြင့် ပစ္စည်းရှာရမည်။ ထိုမျှမကသေး လူတို့၏ အသုံးအဆောင်များဖြစ်သော ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဝမ်းဘဲတို့ကို မွေးမြူရောင်းဝယ်ခြင်းဖြင့်လည်း ပစ္စည်းရှာရမည်။ ထိုအချက်ကို ရခိုင်သူမြတ်သည် ဤသို့ ရေးသားခဲ့သည်။

*လုပ်ကြံကြိုးစား၊ ကျွဲ နွား ဆိတ် ဝက်*
*ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း*
*သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ*

mgyoe.com

mgyoe.com

*ဖန်တီဝယ်ရောင်း၊ ထပ်ကာလောင်းလျက်*
*ပဲ ပြောင်း စပါး၊ ကျီပြည့်ထား၍*
*ခွက် ပြား ရွှေ ငွေ၊ ဆည်းပူးထွေဖြင့်*
*မျိုးဆွေ မှီတင်း ကြွယ်စေမင်း။*

ပညာရှာရာတွင် သည်းညည်းခံဖို့ရန် ရခိုင်သူမြတ်သည် ဆုံးမခဲ့ပြီ။ ပစ္စည်းရှာရာတွင်လည်း သည်းညည်းခံ၍ ရှာရမည်ဟု ဆုံးမပြန်သည်။ တံစက်ကြောင်း (တံစက်မြိတ်)က ကျသောရေသည် အနည်းငယ်မျှသာ ဖြစ်လင့်ကစား ကျဖန်များသောအခါ စရည်းအိုးကြီးပြည့်ရသည်။ ထိုနည်းတူစွာ တစ်ပဲတစ်မူးသော ဥစ္စာသည် အနည်းငယ်မျှသာ ဖြစ်လင့်ကစား စုဖန်များလတ်သော် စုသူသည် သူဌေးဖြစ်လာ နိုင်သည်။ ပျားသည် အနည်းငယ် အနည်းငယ် စုခြင်းဖြင့် ပျားအုံတွင်းတွင် ပျားရည်ကို ပြည့်ဝစေသည်။ ခြခုံးသည် အနည်းငယ် အနည်းငယ် သယ်ဖို့ခြင်းဖြင့် တောင်ပို့ကြီးကို ဖြစ်စေသည်။ ထိုနည်းတူစွာ အနည်းငယ် အနည်းငယ်စုခြင်းဖြင့် သူဌေးဖြစ်အောင်ကြိုးစားစေလိုသောကြောင့် ရခိုင်သူမြတ်က ဤသို့ တိုက်တွန်းလေသည်။

*စရည်းအိုးခွက်၊ ကြီးစွာလျက်လျှင်*
*တံစက်ကျများ၊ ပြည့်သောလားသို့*
*ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍*
*ခြခုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ*
*လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ*
*တတ်လှစေလော့။*

## မိတ္တဗလ

ကျန်းမာပါ၏၊စာတတ်ပါ၏၊ကြွယ်ဝပါ၏ ဆိုသော်ငြားလည်း မိတ်ကောင်းဆွေကောင်းမရှိပါက မသင့်လျော်ချေ။ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းသင်းရမည်။ မည်သို့သောသူကို မိတ်ကောင်းဆွေကောင်းဟု မှတ်ယူရပါမည်နည်း။ ယခုဘဝတွင်လည်း ချမ်းသာအောင် နောင်သံသရာတွင်လည်းကောင်းစားအောင် အကြံ

mgyoe.com

mgyoe.com 

ဉာဏ်ပေးတတ်သော လူလိမ္မာသူတော်ကောင်းမျိုးကို မိတ်ကောင်းဆွေကောင်းဟု ယူမှတ်ရမည်။ ထိုလူမျိုးနှင့် အမြဲပေါင်းသင်းရမည်။ ထို့ကြောင့် ရခိုင် သူမြတ် ဤသို့ဆိုသည်။

*ပစ္စုပ္ပန်, သံသရာ၊ ချမ်းသာစီးပွား*
*နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို*
*မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍*
*မြဲပင်စင်းလျှင်း ပေါင်းယှဉ်မင်း။*

ဤသို့ ပေါင်းသင်းရာတွင်လည်း ပျူပျူငှာငှာ ချစ်ချစ်ခင်ခင်နှင့် ပေါင်းသင်းရာသည်။ အဝတ်အစားတို့ကို ပေးကမ်းခြင်းဖြင့်လည်း ပြုစုရာသည်။ ဤအချက်ကို ရခိုင်သူမြတ် ဤသို့ ရေးသားညွှန်ကြား၏။

*သူစိမ်းသူကျက်၊ ပေါင်းဖက်သရွေ့*
*မိဘတွေ့သို့၊ မွေ့မွေ့လျော်လျော်*
*ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်*
*ဝတ်စားပေးပုံ၊ ဖြည့်ဖြိုးနှံ့(လော့)။*

မိတ္တဗလ အပေါင်းအသင်းနှင့် ပြည့်စုံသောအခါ ဘေးတစ်ခုကို သတိထားရမည်။ ထိုဘေးကား အခြားမဟုတ်။ မနာလိုသောသူတို့က မိတ်ဆွေချင်း ကွဲပြဲမှုန်းတီးအောင် မဟုတ်မတရားပြော၍ ကုန်းတိုက်သောဘေး ဖြစ်သည်။ ထိုသို့ ကုန်းတိုက်လာသော် ကြီးစွာသတိထားရမည်ဟု ဆုံးမလိုသော ရခိုင်သူမြတ်သည် ဤသို့ ဆိုလေသည်။

*ချောသွေ့စကား၊ စပ်ကြားသူပျက်*
*ကုန်းတိုက်ဖျက်လည်း*
*ရက်ရက်မယုံ လွယ်နှင့်မင်း။*

mgyoe.com

mgyoe.com

## စာရိတ္တဖလ

ကာယဖလ၊ ဉာဏဖလ၊ ဘောဂဖလ၊ မိတ္တဖလတို့နှင့် ပြည့်စုံလင့်ကစား စာရိတ္တဖလနှင့် မပြည့်စုံသော် "လက်မ" ကျိုးသောလက်နှင့် တူပေရာသည်။ စာရိတ္တဖလနှင့် ပြည့်စုံလိုလျှင် မကောင်းသော အမှုအကျင့်တို့ကို ရှောင်ကြဉ်ရာသည်။ မကောင်းသော အမှုအကျင့်တို့ကား အဘယ်တို့နည်း။ ငါးပါးသော မကောင်းမှုတို့ ဖြစ်ပါသည်။ ထိုမကောင်းမှုငါးပါး ရှောင်ခြင်းကို ငါးပါးသီလစောင့်သည်ဟု ခေါ်သည်။ ဤအချက်ကို ရခိုင်သူမြတ် အောက်ပါအတိုင်း ဖွဲ့ဆို၏။

*ပါဏာတိပါတ်၊ မသတ်သူ့သက်*
*ခိုးဝှက်မမှု၊ မယူသေစာ*
*အိမ်ရာမမှား၊ မုသားမဆို*
*ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်*
*ဒါနလှူဝတ်၊ ရက်မချွတ်လျှင်*
*မပြတ်ဆောက်တည်၊ ဆုကြီးရည်(လော့)။*

ထို့ပြင် လူတို့သည် လောဘ၊ ဒေါသ၊ မောဟဆိုသော တရားတို့ကြောင့် လိမ်လည်းလိမ်ကြသည်။ လုလည်းလုကြသည်။ ခိုးလည်းခိုးကြသည်။ တိုက်လည်း တိုက်ကြသည်။ သတ်လည်းသတ်၊ ဖြတ်လည်းဖြတ်ကြသည်။ ထိုတရားသုံးပါးကို ပညာဖြင့် ဆုံးမပါမှ လောကကြီး ငြိမ်းချမ်းမည်ဟု ရခိုင်သူမြတ် ပြောလိုသဖြင့် ဤသို့ဖွဲ့စီသည်။

*လောဘ, ဒေါသ*
*မောဟသူပျက်၊ နေ့တိုင်းဖျက်၍*
*အမျက်သည်းလွန်၊ တဖျင်သန်လျက်*
*ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က*
*ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား*
*ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို*
*ထုံးပိုင်းမချာ၊ ယဉ်စိမ့်ငှာလျှင်*
*ပညာထိန်း၍ မိန်းစေမင်း။*

mgyoe.com

mgyoe.com 

အချုပ်အားဖြင့်ကား လူတို့သည် ဗလငါးတန်နှင့် ပြည့်စုံလိုပါမူ ပထမဦးစွာ လုံ့လ၊ ဝီရိယ ရှိရမည်။ လုံ့လ၊ ဝီရိယရှိလျှင် အတတ်ပညာကို ရလိမ့်မည်။ အတတ်ပညာ ရသောအခါ မာန်မာနတက်လာတတ်သည်။ မာန်မာနကို ချိုးနှိမ်လော့။ ကောက်ကျစ်စဉ်းလဲ လာတတ်သည်။ ကောက်ကျစ်စဉ်းလဲမှုကို လက်မခံနှင့်။ စိတ်နှလုံးကို စင်ကြယ်အောင်ထား၍ တော်ဖြောင့်မှန်ကန်ပါလေဟု ဆိုးမလိုသော ရခိုင်သူမြတ်သည် ဤကဲ့သို့ ဩဝါဒပေးလေတော့သည်။

— *လုံ့လပင်စည်၊ အရင်းတည်က*
*ခက်ရှည်ပညာ၊ ချမ်းသာအသီး*
*ကြီးစရွှေ့ရွှေ့၊ အခလေ့ဖြင့်*
*မမေ့မကျန်၊ လူမှုပွန်လျက်*
*စောင်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍*
*နှလုံးသန့်စင် ကြယ်စေမင်း။*

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လောကသာရပျို့

(ပထမပိုင်း)

အမျိုးလေးပါးဆုံးမခန်း

mgyoe.com

၁။ ။ ကြားပိမ့် သူမြတ်၊ အများ မှတ်စိမ့်။
ဟိတတ္ထိက၊ ဩဝါဒဖြင့်
ဆုံးမပေးထွေ၊ နားဝင်စေလော့။
နေသို့ ထင်ရှား၊ ဘုရား တရား သင်္ဃာ
ရတနာထွတ်ထား၊ မြတ်သုံးပါးကို
ဦးဖျားထိပ်ထက်၊ အမြဲရွက်၍
စုံမက်သဒ္ဓါ ကြည်စေမင်း။ ။

၁။ ။လူအများတို့ မှတ်သားစိမ့်သောငှာ ငါသူမြတ် ပြောကြားပေအံ့။ အကျိုးရှိသော ဩဝါဒဖြင့် အဆုံးအမပေးသည်ကို နားဝင်ကြလော့။ နေကဲ့သို့ ထင်ရှားလျက် အထွတ်အမြတ်အဖြစ် ထားအပ်သည့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဦးထိပ်ဖျားတွင် အမြဲတစေ ဆင်ရွက်၍ စုံစုံမက်မက် ယုံကြည်ကြလော့။

mgyoe.com

mgyoe.com


၂။ ။ အသက်ရှည်စွာ၊ အနာမဲ့ကြောင်း
ကောင်းလှစေချင်
ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား
မိဘဆရာ၊ စကားနာ၍
ကျမ်းစာသိမြင်၊ တတ်အောင် သင်လော့။
ပေါ်လွင်မပြု၊ ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍
ကောင်းကျိုး ကိုယ်၌ တည်စေမင်း။ ။

၂။ ။အသင်တို့ကို အသက်ရှည်စေချင်၊ အနာမဲ့စေချင်၊ အလွန်ကောင်းစေချင်သဖြင့် အမြဲတစေ ပဲ့ပြင်ဆုံးမ ကွပ်ညှပ်ကြသော အမိအဖ၊ ဆရာသမားတို့၏ စကားကို နားထောင်ကြလော့။ ထို့ပြင် ကျမ်းစာပညာကို သိမြင်တတ်ကျွမ်းအောင် သင်ယူကြလော့။ ပေါ့ပေါ့ဆဆ မနေကြနှင့်။ ကောင်းမြတ်သော ကိစ္စတို့ကို အတုခိုးကြလော့။ ကောင်းမြတ်သော အမှုတို့ကို မြတ်နိုးကြလော့။ ကောင်းမြတ်သော အဖြစ်ကို ရအောင် ကြိုးစားကြလော့။ ကောင်းကျိုးချမ်းသာကို မိမိတို့ကိုယ်၌ တည်စေကြလော့။

mgyoe.com

၃။ ။ သူကြီးမိဘ၊ ဆရာစသား
စိုးရသခင်၊ ကျေးဇူးရှင်တို့
ပြစ်တင် မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း
ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့
ဆိုတုံ့မဝံ့၊ စောင်မာန်ညှံ့၍
ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်
ကောင်းတေနှလုံး ရှည်စေမင်း[၁]။ ။

၃။ ။ အမိအဖ၊ဆရာသမားစသော လူကြီး သူကြီးများနှင့် မိမိတို့ကိုကြီးမှူး စိုးရသည့် အရှင်သခင်ကျေးဇူးရှင်(အထက်လူကြီး)တို့က အပြစ်တင်ခြင်း၊ မောင်းမဲခြင်း၊ ရိုက်ပုတ်ခြင်း၊ ဆဲဆိုခြင်း၊ ပြုကြငြားသော်လည်း ပြန်တုံ့ချေပ ပြောဆိုခြင်းကို မပြုဝံ့ကြနှင့်။ မာန်မာနကို နှိမ့်ချကြလော့။ စိတ်ဝမ်းထဲတွင် ခန့်ညားသည်ဖြစ်၍ ယုန်သတ္တဝါ ဝပ်သကဲ့သို့ တုပ်ဝပ်ရိုသေကြောက်ရွံ့ကြပြီးလျှင် သည်းခံခြင်းဖြင့် မိမိတို့၏ စိတ်နှလုံးကို ကောင်းစွာရှည်စေကြလော့။

မှတ်ချက်။ ။ ၁–ကောင်းတေနှလုံး ယဉ်စေမင်း။

mgyoe.com

mgyoe.com

၄။ ။ ဆန္ဒဒေါသာ[၁]၊ ဘယာမောဟ
အပါယ်ကျသား၊ ဓမ္မလေးမည်
ဂတိတည်၍၊ လူ့ပြည်နတ်ရွာ
ချမ်းသာကောင်းမွန်၊ စံစုန်ဆန်လျက်
နိဗ္ဗာန်ရောက်ကြောင်း
ကျင့်ကောင်းသီလ၊ လှူဒါနနှင့်
ပုညလယ်မြေ၊ စိုက်ကြဲထွေဖြင့်
ပျိုးခြေအပင် စည်စေမင်း[၂]။ ။

၄။ ။ လိုလားမှုလမ်းများ၊ မုန်းတီးမှုလမ်းများ၊ ကြောက်ရွံ့မှုလမ်းများ၊ မသိမှုလမ်းများ တည်းဟူသော အပါယ်သို့ ကျစေတတ်သည့် အဂတိတရားလေးပါးတို့ကို မလိုက်မစားဘဲ တည်ကြည်ကြလော့။ လူ့ပြည်၊ နတ်ပြည်တို့တွင် စုန်ကာ ဆန်ကာဖြစ်၍ လူ့ချမ်းသာ၊ နတ်ချမ်းသာတို့ကို ကောင်းမွန်စွာ စံစားရကြောင်းအတွက်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းအတွက် လည်းကောင်း၊ သီလမျိုးစေ့၊ ဒါနမျိုးစေ့တို့ကို ပုညလယ်မြေတွင် ကြဲကာ စိုက်ကာ သီလပျိုးပင်၊ ဒါနပျိုးပင်တို့ကို အများအပြား စည်ကားကြစေလော့။

မှတ်ချက်။ ။ ၁–ဆန္ဒာဒေါသာ။ ၂–မျိုးခြေအပင် စည်စေမင်း။

mgyoe.com

mgyoe.com

၅။ ။ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ
သတ္တဝါကို၊ မေတ္တာ သက်ပေ
လှူဘို့ဝေ၍၊ စိတ်စေကြည်သန်
သဘောမှန်သား
ပစ္စုပ္ပန်သံသရာ၊ ချမ်းသာစီးပွား
နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို
မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍
မြဲပင် စင်းလျင်း ပေါင်းယှဉ်မင်း။ ။

၅။ ။ ကိုယ် နှုတ် နှလုံးတို့ကို မြဲစွာ စောင့်ထိန်းသုံးစွဲကြလော့။ သတ္တဝါများအပေါ် မေတ္တာသက်ကြလော့။ အလှူ၏အဖို့ကို ဝေငှကြလော့။ စိတ်စေတနာတို့ကို ကြည်လင်ထက်သန်စေကြလော့။ သဘောဖြောင့်မှန်သည့် ယခုဘဝ ချမ်းသာစီးပွား၊ နောင်ဘဝ ချမ်းသာစီးပွားတည်းဟူသော ချမ်းသာစီးပွားနှစ်မျိုးတို့ကို သိမြင်တတ်သည့်သူတော်သူမြတ်ကို အမြဲချစ်ခင်၍ မိတ်ကျွမ်းတဝင် ပေါင်းသင်းကြလော့။

mgyoe.com

mgyoe.com

၆။ ။ ပညာမျက်စိ၊ မြင်မရှိ၍
မသိတရား၊ အယူမှားလျက်
စီးပွားမမြော်၊ ကျိုးမပေါ်သား
သူတော်မဟုတ်
ယုတ်သည် စရိုက်၊ လူသူမိုက်ကို
မကြိုက်မချစ်၊ ရန်သူစစ်သို့
မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍
အမြဲခွာရှင်း ဖဲကြဉ်မင်း[၁]။ ။

၆။ ။ ပညာဟူသောမျက်စိ မရှိ၍ မမြင်တတ်သောကြောင့် တရားမှန်ကို မသိဖြစ်ပြီးလျှင် အယူဝါဒမှားယွင်းလျက် အကျိုးစီးပွား ဖြစ်ပေါ်ကြောင်းကို မသိမမြင်တတ်သော သူတော်ကောင်းမဟုတ်သည့် အမူအကျင့် ယုတ်မာသော လူမိုက်ကိုမချစ်ခင်ကြနှင့်။ ထိုသူမျိုးကို ရန်သူအစစ်ကဲ့သို့ မှတ်ယူ၍ မနှစ်သက်ဘဲ အလွန်ဝေးစွာရှောင်ရှားပြီးလျှင် အမြဲတစေ လွတ်လွတ်ကြီးခွာ၍ နေကြလော့။

မှတ်ချက်။ ။ ၁–ရှောင်လွှဲဖဲကြဉ် နိုင်စေမင်း။

mgyoe.com

mgyoe.com

၇။ ။ ပါဏာတိပါတ်၊ မသတ်သူ့သက်
ခိုးဝှက်မမူ၊ မယူသေစာ
အိမ်ရာမမှား၊ မုသားမဆို
ကိုယ်ကိုနှိမ့်ချ၊ စောင့်သီလနှင့်
ဒါနလှူဝတ်၊ ရက်မချွတ်လျှင်
မပြတ်ဆောက်တည်၊ ဆုကြီးရည်၍
မကြည်ခိုက်ရန်၊ သူကျူးလွန်လည်း
မျက်မာန်မပြင်း သိမ်းလေမင်း[၁]။ ။

၇။ ။ သူတစ်ပါး၏အသက်ကို မသတ်ကြပါနှင့်။ သူတစ်ပါး၏ပစ္စည်းကို မခိုးဝှက်ကြပါနှင့်။ သေရည်သေရက်ကို မသောက်ကြနှင့်။ သူတစ်ပါး၏အိမ်ရာကို မမှားမယွင်းကြပါနှင့်။ မဟုတ်မမှန်သော စကားကို မပြောကြပါနှင့်။ ကိုယ်ကို နှိမ့်ချကြပါ။ သီလကို စောင့်ကြပါ။ အလှူအတန်းကို တစ်ရက်မျှ မပျက်ကွက်စေဘဲ အမြဲမပြတ် ဆောက်တည်ပြုလုပ်ကြပါ။ ဘုရားဆုကြီးကို ရည်ရွယ်တောင်းဆိုကြပါ။ သူတစ်ပါးက မကြည်မသာ ကျူးလွန်ရန် ပြုငြားသော်လည်း မျက်မာန်ဒေါသကို မပြင်းစေဘဲ သိမ်းဆည်းကြပါလော့။

---

မူကွဲ။ ။ ၁–စောင်မာန်မပြင်း သိမ်းစေမင်း။ မျက်မာန်မပြင်း ကောင်းစေမင်း။ စောင်းမာန်မပြင်း ကောင်းစေမင်း။ စောင်းမာန်မပုင်း နစေမင်း။

mgyoe.com

mgyoe.com

၈။ ။ မိခင် ဖခင်၊ ကျေးဇူးရှင်ကို
ချစ်ခင်မြတ်နိုး
ဂူပုထိုးသို့၊ ရှိခိုးဦးတင်
ကြည်လင်မြတ်လေး၊ သိမ်းမြန်း မွေး၍
လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်
ကြီးထသက်အို၊ မျိုးဆွေကိုလည်း
ကြည်ညိုညွှတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍
မယိမ်းစင်းလျှင်း ငြိမ်းစေမင်း[၁]။ ။

၈။ ။ ကျေးဇူးရှင်များ ဖြစ်ကြပေသော မိခင် ဖခင်တို့ကို ချစ်ခင်ကြလော့။ မြတ်နိုးကြလော့။ ဂူပုထိုးတို့ကိုကဲ့သို့ ရှိခိုးကြလော့။ ဦးတင်ကြလော့။ ကြည်လင်မြတ်လေးစွာ ထိန်းသိမ်း, လုပ်ကျွေး, မွေးမြူ, ခယကြလော့။ ပုဆစ်ဒူးတုပ်၍ ရိုသေကြလော့။ အသက်ကြီးရင့် အိုမင်းကြသော အမျိုးအဆွေတို့ကိုလည်း ကြည်ညို တိမ်းညွတ်ကြလော့။ ထိန်းသိမ်းပိုက်ထုပ်ကြလော့။ ငြိမ်းချမ်းသာယာ ရှိကြလေအောင် မယိမ်းမစောင်း မပြတ်မလပ် ပြုစုကြပါလော့။

မှတ်ချက်။ ။ ၁–ခပ်သိမ်းမယွင်း ငြိမ်းစေမင်း။ ချမ်းငြိမ်းသာယာ လှစေမင်း။

mgyoe.com

mgyoe.com

၉။ ။ စတုဒိသာ၊ လေးမျက်နှာမှ
ရောက်လှာအများ၊ ပုဏ္ဏားရဟန်း
ဆွမ်းပန်းချို့တဲ့၊ ရိက္ခာမဲ့ကို
ဆည်းခဲ့ဥစ္စာ၊ အိမ်လှောင်ခါဋ္ဌ
လွယ်ကာထားယူ၊ ထိုသသူကို
ကိုယ်တူမှတ်သား[၁]
သနားမြတ်လေး[၂]၊ ဝတ်စားပေး၍
ကျေးမွေးထံရင်း ငြိမ်းစေမင်း[၃]။ ။

၉။ ။ အရပ်လေးမျက်နှာမှ ရောက်လာကြ၍ ဆွမ်းပန်းရိက္ခာမရှိ ချို့တဲ့နေသော ရဟန်းများ၊ ပုဏ္ဏားများကို မိမိတို့ကိုယ်နှင့်အတူ မှတ်ယူကာ (ကိုယ်ချင်းစာကာ) အိမ်တွင် ရှာမှီးသိမ်းဆည်း သိုလှောင်ထားသော ဥစ္စာတို့မှ (သင့်လျော်သလောက်ကို) အလွယ်တကူ ယူပြီးလျှင် ထိုပုဂ္ဂိုလ်တို့အား သနား မြတ်လေးသဖြင့် အဝတ်အစား ဝယ်ပေးကြလော့။ မိမိတို့ထံရင်းတွင် ကျေးမွေး ပြုစု၍ ငြိမ်းချမ်းသာယာရှိစေကြလော့။

မူကွဲ။ ။ ၁–လိုတူမှတ်သား။ ၂–အိမ်လှောင်ခါဋ္ဌ၊ လွတ်ရာထားယူ၊ သိမ်းလင့်မူသို့၊ ထို့တူမှတ်သား၊ သနားမြတ်လေး။ ၃–မြဲစေမင်း။

mgyoe.com

mgyoe.com

၁၀။ ။ **အနိစ္စ နှင့်**
**ဒုက္ခ အနတ္တာ၊ သုံးပါးလက္ခဏာ**
**မချာအောက်မေ့၊ တစေ့စေ့လျှင်**[၁]
**အလေ့အလ၊ ကွပ်ဆုံးမ၍**
**ပဥ္စခန္ဓာ၊ ငါးဖြာနာမ်ရုပ်**
**ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့**
**ဖန်တလဲလဲ၊ ဝဋ်ဆင်းရဲကို**
**ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်**
**ရိုးရေသည်းတွင်း ကြိမ်းစေမင်း**[၂]**။ ။**

၁၀။ ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော လက္ခဏာရေးသုံးပါးတို့ကို အမြဲမပြတ် အောက်မေ့ကြလော့။ စေ့စေ့စပ်စပ် အလေ့အလာပြုကြလော့။ ထိုနောက် စိတ်ကို ကွပ်ညှပ်ဆုံးမကြလော့။ ရုပ်တရား၊ နာမ်တရားတည်းဟူသော ခန္ဓာငါးပါးတို့သည် အကြိမ်ကြိမ်အဖန်ဖန် ဖြစ်လိုက် ပျက်လိုက်နေကာ စကြာကဲ့သို့ အဖန်တလဲလဲ တဝဲလည်လည် ဖြစ်နေသော ဝဋ်ဆင်းရဲကို ဝမ်းထဲ၌ ထိတ်လန့်သည်ဖြစ်၍ အရိုး အရေ၊ အသည်း၊ နှလုံးအတွင်းခိုက်အောင် ကြောက်လန့်ကြလော့။ (တစ်နည်းကား) ဝဋ်ဆင်းရဲကို ဝမ်းထဲ၌ ထိတ်လန့်သည်ဖြစ်၍ သံဝေဂတရားကို အရိုး၊ အရေ၊ အသည်း၊ နှလုံးတွင်း၌ တည်နေကျိန်းအောင်းစေကြလော့။

---

မှတ်ချက်။ ။ ၁–တထေ့ထေ့လျှင်။ ၂–ကျိန်းစေမင်း။

mgyoe.com

mgyoe.com

၁၁။ ။လောဘ ဒေါသ
မောဟ သူပျက်၊ နေ့တိုင်းဖျက်၍
အမျက်သည်းလွန်၊ တဖျင်သန်လျက်
ပြေးလွန် ဖင်ဖင်၁၊ အာရုံမြင်က
ခင်ခင်မွတ်မွတ်၊ လိုက်လံတတ်သား
ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို
ထုံးပိုင်းမချာ၊ ယဉ်စိမ့်ငှာလျှင်
ပညာထိန်း၍ မိန်းစေမင်း။ ။

၁၁။ ။လောဘ၊ ဒေါသ၊ မောဟတည်းဟူသော လူဆိုး သူပျက်တို့က နေ့တိုင်းဖျက်ဆီးကြသောကြောင့် အမျက်ဒေါသ အလွန်သည်းထန် များပြားအားကြီးစွာ ထွက်တတ်သော–

နှစ်သက်ဖွယ်အာရုံကိုမြင်လျှင် မက်မက်မောမော ခင်ခင်မွတ်မွတ် အလွန်ပြေးသွားလိုက်လံတတ်သော–

ထူးပွတ်ဝတ်၍ ကြိုးတို့ဖြင့် ဆိုင်းတွထားခြင်းမရှိသော ဆင်ရိုင်းတည်းဟူသောစိတ်ကို အနည်းငယ်မျှ လစ်လပ်ခြင်းမရှိစေဘဲ အလုံးစုံ ယဉ်ကျေးစိမ့်သောငှာ ပညာဖြင့် ထိန်းစောင့်၍ ဆုံးမကြလော့။

မှတ်ချက်။ ။ ၁–ပြေးဝှန်ဖျင်ဖျင်။

mgyoe.com

mgyoe.com


၁၂။ ။ လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ[၁]
တွက်ဆ စိပ်ပြား၊ အပါးပါးလျှင်
အပွားအရင်း၊ လတွင်း တက်တိုး
ထမ်းပိုး နှစ်လည်[၂]၊ ချသည် မပြတ်
အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြဲ
လုပ်ကြံကြိုးစား၊ ကျွဲ နွား ဆိတ် ဝက်
ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း
သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ
ဖန်တီ ဝယ်ရောင်း[၃]၊ ထပ်ကာလောင်းလျက်
ပဲပြောင်းစပါး၊ ကျီပြည့်ထား၍
ခွက်ပြားရွှေငွေ၊ ဆည်းပူးထွေဖြင့်
မျိုးဆွေ မှီတင်း ကြွယ်စေမင်း။ ။

၁၂။ ။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ခြင်း၊ ဈေးနာရောင်းဝယ်ခြင်း၊ ချေးငွေကို တောင်းခံခြင်း၊ငွေတိုးချခြင်းဆိုသော လုပ်ငန်းအမျိုးမျိုးတို့ကို ချင့်ချိန် ကြံစည်လုပ်ကိုင်ကြလော့။

တစ်လတွင်း၊ နှစ်လအတွင်း စသည်တို့၌ အရင်းငွေအပေါ်တွင် အတိုးအပွားအမြတ်အစွန်း ထွက်အောင်လည်းကောင်း၊ တစ်နှစ်လည်သောအခါ၌ အရင်းငွေ

မှတ်ချက်။ ။ ၁–ရောင်းဝယ်မြီချ။ ၂–ထမ်းပိုးနှစ်လီ။ ၃–တန္ဓိပယ်ရောင်း။

mgyoe.com

mgyoe.com

အပေါ်တွင် တစ်ဆနှစ်ဆ စသည်ဖြင့် အမြတ်ထွက်အောင် လည်းကောင်း ငွေတိုးကို အမြဲမပြတ် ချကြလော့။

အိမ်ထောင်သည်တို့၏ တာဝန်ဝတ္တရားနှင့်အညီ လုပ်ဖွယ်ကိစ္စတို့ကို မမေ့ မလျော့ဘဲ မြဲမြဲမြံမြံ မှတ်သားကြိုးစား ကြံစည်လုပ်ကိုင်ကြလော့။

ကျွဲ နွား ဆိတ် ဝက် ကြက် ဝမ်းဘဲတို့တွင် တစ်စုံတစ်ခုကိုမျှ မကြွင်းမကျန် စေဘဲ စုံစုံလင်လင် များများပြားပြား ပြင်းစွာ အားထုတ်ထိန်းသိမ်း ကျွေးမွေးကြလော့။

အထက်ပါလုပ်ငန်းအသီးသီးတို့ကို ထပ်ကာ ထပ်ကာ ကြံစည်လုပ်ကိုင် ရောင်းဝယ်လျက် (ဝါ)ပျင်းရိခြင်းကို ပယ်ရှား၍ ထပ်ကာ ထပ်ကာ ကြိုးစားလျက် ပဲ၊ ပြောင်း၊ စပါး၊ ကောက်ပဲသီးနှံများကို ကျီတွင် အပြည့်သိုမှီးကြလော့။

ရွှေခွက်၊ ငွေခွက်၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတို့ကို စုဆောင်းသိမ်းဆည်းကြလော့။

အမျိုးအဆွေတို့ မှီခိုအားထားနိုင်လောက်အောင် ကြွယ်ဝချမ်းသာသည် အထိ လုပ်ကိုင်ရှာဖွေ ဆည်းပူးကြလော့။

mgyoe.com

mgyoe.com


၁၃။ ။ ထုံးတီးနည်းနာ၊ အဖြာဖြာ၌
ပညာရှာမှီး၊ မကြီးသက်ရွယ်
အငယ်သော်က၊ ကြိုးလုံ့လျက်
တုပ်ကွပုဆစ်[1]၊ ဆရာစစ်၌
ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်
စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်
ခြိမ်းမောင်းသည်းခံ၊ ဆရာထံ၌
သင်အံကျက်လေ့၊ တနေ့တပါး
မှတ်သားလေလေ၊ ဝမ်းထဲခွေ၍
အထွေအထူး၊ ဂုဏ်ကျေးဇူးကို
ဆည်းပူးသန့်ရှင်း ကြွယ်စေမင်း[3]။ ။

၁၃။ ။ ရှေးထုံး ရှေးနည်း အမျိုးမျိုး၌ ပညာကို ရှာမှီးကြလော့။ အသက်အရွယ်မကြီးသေးခင် ငယ်စဉ်အခါက ကြိုးစားအားထုတ် လုံ့လပြုကြလော့။ ဆရာစစ်ဆရာ့ကောင်းထံတွင် ပုဆစ်တုပ်ကာ ကြောက်ချစ်ရိုသေစွာ လုပ်ကျွေးပြုစုလျက် စာပေတတ်ရာတတ်ကြောင်းအတွက် အခွင့်ကောင်းကို ချောင်းမြှောင်းစောင့် စားကြလော့။ ဆရာက ခြိမ်းမောင်းလျှင် သည်းခံကြလော့။ (ဝါ) ဆဲဆိုကြိမ်းမောင်းသော်လည်း သည်းခံကြလော့။ ပညာများကို ဆရာ့ထံပါးတွင် တစ်နေ့တစ်ပါး သင်အံလေ့ကျက်ကာ မှတ်သားလျက် ဝမ်းထဲ၌ သိမ်းထားကြလော့။ အတတ်ပညာ တို့၏ ထူးထွေသော ဂုဏ်ကျေးဇူးတို့ကို သန့်ရှင်းစွာ ဆည်းပူး၍ ပညာဖြင့်ကြွယ်ဝစေကြလော့။

မူကွဲ။ ။ ၁–နှိမ့်ချပုဆစ်။ ၂–ဆဲမောင်းသည်းခံ။ ၃–ဆည်းပူးသိမြင် ကြွယ်စေမင်း။

mgyoe.com

၁၄။ ။ ဘေးဘိုးစဉ်ဆက်၊ မပျက်သုံးစွဲ
ကျင့်မြဲလေ့လ၊ စာရိတ္တဖြင့်
မိဘအလိုက်၊ စရိုက်ကျင့်ရိုး
အမျိုးနွယ်လျှဉ်၊ စောင့်စည်းကြဉ်၍
အယှဉ်အပေါင်း၊ ခင်ပွန်းကောင်းနှင့်
သူဟောင်းသက်ကြီး၊ ထုံးနည်းတီးကို
မငြီးမငွေ့၊ မှတ်ကျက်လေ့လျက်
ချောသွေ့စကား၊ စပ်ကြားသူပျက်
ကုန်းတိုက်ဖျက်လည်း
ရက်ရက် မယုံလွယ်နှင့်မင်း[၁]။ ။

၁၄။ ။ အမိအဖ အဘိုးအဘေးတို့သည် အမျိုးအနွယ်အလိုက် မပျက်မကွက် အမြဲတစေ အစဉ်တစိုက် သုံးစွဲလေ့ကျင့်ရိုးဖြစ်သော စာရိတ္တဖြင့် ကောင်းမြတ်သော စရိုက်ကို စောင့်စည်းကြပါ။ ဆိုးသွမ်းသောစရိုက်ကို ရှောင်ကြဉ်ကြပါ။ ကောင်းသောမိတ်ဆွေ ခင်ပွန်းနှင့်ပေါင်းသင်းယှဉ်တွဲကြပါ။ သက်ကြီးဝါကြီး ရှေးသူဟောင်းတို့၏ ထုံးစံနည်းနာတို့ကို မငြီးမငွေ့ လေ့လာမှတ်ကျက်ကြပါ။ အကျင့်ပျက်သော သူယုတ်မာတို့က အချစ်အခင်၊ အယုံအကြည်ပျက်အောင် စပ်ကြားကနေ၍ ချောသွေ့ ကုန်းတိုက် ဖျက်ဆီးလျှင် အလျင်တဆော အလွယ်တကူ မယုံကြပါနှင့်။

---

မှတ်ချက်။ ။ ၁–ရက်ရက်မယုံလွယ်စေမင်း။

mgyoe.com

mgyoe.com


၁၅။ ။ သူတော်တကာ၊ တတ်စရာသား
အဋ္ဌာရသ၊ သိပ္ပအပြား
အတတ်များကို၊ မှတ်သားသတိ
ပညာရှိတို့၊ တတ်သိအပ်စွ။
ထိုသိပ္ပကို
နှံ့မျှလုံးခြုံ၊ မတတ်တုံလည်း
တစ်စုံတစ်ခု၊ တတ်အောင်ပြု၍
လူမှုအိမ်ထောင်[၁]၊ စီးပွားဆောင်လော့။
ညဥ့်မှောင်မသိ[၂]၊ ကြက်မျက်စိသို့
မိမိကိုယ်ဖို့၊ အတတ်ချို့သော်
သူတို့ပြစ်တင်၊ ဆင်းရဲဖျင်အံ့ [၃]။
ထင်ထင်မျက်မြော်၊ မကော်ရော်သည်
အိုသော် သူမရယ်စေနှင့်မင်း[၄]။ ။

၁၅။ ။သူတော်ကောင်းအပေါင်းတို့ သင်ယူတတ်မြောက်စရာဖြစ်သော တစ်ဆယ့်ရှစ်ပါး အပြားရှိသော အတတ်များကို ပညာရှိတို့သည် သတိဖြင့်မှတ်သား၍ တတ်မြောက်အောင် သင်ယူသင့်ကြသည်။ အတတ်တစ်ဆယ့်ရှစ်ပါးကို အားလုံးခြုံ၍ အနှံ့အစပ် တတ်အောင် မသင်ယူနိုင်သော်လည်း တစ်ခုသော အတတ်ကို တတ်အောင်သင်ယူလျက် အိမ်ထောင်ရေးစသော လူမှုကိစ္စတို့တွင် စီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ကြလော့။ မိမိဖို့ အတတ်ချို့တဲ့သဖြင့် ညဥ့်မှောင်ထဲတွင် မသိမမြင်သော ကြက်မျက်စိကဲ့သို့ဖြစ်သော် သူတစ်ပါးတို့က အပြစ်တင်ကြလိမ့်မည်။ ဆင်းရဲဒုက္ခ များလိမ့်မည်။ (ကဲ့ရဲ့မှု များလိမ့်မည်။) မိမိကို သူတစ်ပါးတို့က မျက်မှောက်တွင်ပင် အထင်အရှား မရိုသေမလေးစားဘဲ ပြုကြလိမ့်မည်။ အိုမင်းမစွမ်းရှိသောအခါလည်း သူတစ်ပါးတို့က ရယ်ကြလိမ့်မည်။ ထိုသို့ သူတစ်ပါး ရယ်ရအောင် မဖြစ်ကြပါစေနှင့်။

---

မူကွဲ။ ။ ၁–လူမှုကုန်အောင်။ ၂–ညဥ့်မှောက်ရောက်ဘိ။ ၃–ကဲ့ရဲ့ပြင်အံ့။ ၄–အိုသော် လူမရယ်စေမင်း။

mgyoe.com

၁၆။ ။ **ဃရာဝါသ၊ သမ္ဗာဓဟု**
ကိစ္စမြားမြောင်၊ လူတို့ဘောင်၌
အိမ်ထောင်သက်မွေး၊ ခြနှယ်မြေးသား
လူရေးကျယ်စွာ၊ အဖြာဖြာကို
လိမ္မာအတတ်၊ ချားရဟတ်သို့
လှည့်ပတ်ပြီးမှ[၁]၊ ကြဲတွက်ဆလျက်[၂]
လုံ့လပင်စည်၊ အရင်းတည်က[၃]
ခက်ရှည်ပညာ၊ ချမ်းသာအသီး
**ကြီး စရွှေ့ရွှေ့၊ အစလေ့ဖြင့်**
မမေ့မကျန်၊ လူမှုပွန်လျက်
စောင်မာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍
နှလုံးသန့်စင် ကြယ်စေမင်း[၄]။ ။

၁၆။ ။ သမ္ဗာဓော ဃရာဝါသော (အိမ်ထောင်သက်မွေးမှုသည် ကျဉ်းမြောင်း၏) ဟူ၍ ကျမ်းဂန်လာသည့်အတိုင်း လုပ်ဖွယ်ကိစ္စများပြားသော လူ့ဘောင်၌ အိမ်ထောင်သက်မွေးမှုသည် ခြသတ္တဝါ၏ ဘဝကဲ့သို့ အလုပ်ရှုပ်ထွေး များပြားလှသည်။ အလွန်ကျယ်ဝန်းသော လူမှုရေးရာ အမျိုးမျိုးကို ချားရဟတ်ကဲ့သို့ လည်ပတ်စွာ တတ်မြောက်လိမ္မာပြီးမှ တွက်ဆကြံစည်ပြီးလျှင် လုံ့လဝီရိယကို ပင်စည်ပင်မအဖြစ်ဖြင့် အရင်းတည်ပါမူ ပညာတည်းဟူသော အခက်ရှည်တို့ ပေါ်ထွက်ကြလိမ့်မည်။ ချမ်းသာတည်းဟူသော အသီးတို့ သီးကြလိမ့်မည်။ ထိုပညာ အခက်၊ ချမ်းသာ အသီးတို့သည် ဖြစ်ရိုးဖြစ်စဉ်အတိုင်း တဖြည်းဖြည်း ကြီးထွားဖွံ့ဖြိုးကြလိမ့်မည်။ ဤအချက်တို့ကို မမေ့မကျန်ကြဘဲ လူမှုရေးရာတို့တွင် တတ်မြောက်ကြလျက် မာန်မာနကို ကင်းစေပြီးလျှင် ရိုးဖြောင့်သောသဘောကို သုံးကြကာ စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်ကြစေလော့။

မူကွဲ။ ။ ၁–လည်ပတ်ပြီးမှ။ လှည့်ပတ်လည်လှ။ ၂–ကြံတွက်ဆ၍။ ၃–အရင်းတည်လျက်။
၄–ကြည်စေမင်း။

mgyoe.com

mgyoe.com


၁၇။ ။ လေးကျွန်းထိပ်ခေါင်၊ မြင်းမိုတောင်နှင့်
ချိန်ဆောင်နှိုင်းလည်း၊ အတိုင်းမသိ
ကျေးဇူးရှိသည်၊ အမိကားတိုက်
သိုက်ကားမယား၊ သားကားနွယ်ဆက်
ခက်လက်မျိုးဆွေ၊ ကျွန်ခြွေရွေနှင့်
အုပ်တွေမကွဲ၊ လူခပဲအား
ဆင်းရဲဖျောက်ပယ်၊ ချမ်းသာကယ်၍
လူ့ဝယ်လူကောင်း၊ ဖြစ်တော်ရှောင်းဟု
လူပေါင်းပြောပ၊ ချီးမွမ်းရလျက်
ကြောင့်ကြဘေးဘျမ်း၊ ဖျောက်နိုင်စွမ်းသား
စိတ်ဝမ်းဖြောင့်တန်း၊ ဆွေခင်ပွန်းကို
ချစ်ပန်းနံ့မပြယ်စေနှင့်မင်း[၁]။ ။

၁၇။ ။ ကျွန်းကြီး လေးကျွန်းတို့၏ အဦးအထိပ်၌ တည်ရှိသော မြင်းမိုရ်တောင်နှင့် ချိန်ဆောင်ခိုင်းနှိုင်းသော်လည်း မတူနိုင်အောင် အတိုင်းမသိသော ကျေးဇူးရှိသည့် မိခင်သည် တိုက်ဖြစ်ပေသည်။ မယားသည် အသိုက်ဖြစ်ပေသည်။ သားသမီးသည် အဆက်အနွယ် ဖြစ်ပေသည်။ အမျိုးအဆွေ ကျေးကျွန် အခြွေအရွေ တို့သည် အခက်အလက် ဖြစ်ကြပေသည်။ ထိုမကွဲမကွာ တစုတရုံးဖြစ်သော လူခပ်သိမ်းအားကျရောက်သည့် ဆင်းရဲကို ပယ်ဖျောက်ကြလော့။ ထိုသူတို့ ချမ်းသာအောင် ကယ်ဆယ်ကူညီကြလော့။ လူတွင် လူကောင်းဖြစ်ပါပေသည်ဟု လူအများ၏ ချီးမွမ်းခြင်းကိုလည်း ခံရ၍ ကြောင့်ကြဖွယ်၊ ကြောက်ဖွယ်ဖြစ်သော ဘေးဥပဒ်တို့ကို ဖျောက်ပယ်နိုင်ခြင်းသည်လည်းဖြစ်လျက် စိတ်သဘောဖြောင့်တန်းသည် လည်းဖြစ်သော အဆွေခင်ပွန်း၏အပေါ်တွင် ထားအပ်သည့် ချစ်ခင်ခြင်းတည်း ဟူသော ချစ်ပန်းရနံ့ကို မပြယ်ကြပါစေနှင့်။

---

မူကွဲ။ ။ ၁–မပြယ်စေမင်း။

mgyoe.com

mgyoe.com

၁၈။ ။ စေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်
စရည်းအိုးခွက်၊ ကြီးစွာလျက်လျှင်
တံစက်ကျများ၊ ပြည့်သောလားသို့
များ၏နည်းထုံး၊ မှတ်ကျင့်သုံး၍
ခြခုံး[၁] တောင်ပို့၊ ဖို့သည့်ခြင်းရာ
လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ
တတ်လုစေလော့။
ကြွက်သေတခု၊ အရင်းပြု၍
ကြွယ်မှုတတ်ဆုံး၊ သူဌေးထုံးကို
နှလုံးမူလျက်၊ ကြံစည်နက်၍
သူ့ထက်လွန်ကဲ ကြွယ်စေမင်း။ ။

၁၈။ ။ စေ့မြေ့သေချာစွာ၊ သိပ်သည်းပိပြားစွာ၊ တရွေ့ရွေ့ တဖြည်းဖြည်း ဆည်းပူးစုဆောင်းလျှင် (ပစ္စည်းအစုအပုံကို ရနိုင်သည်။ ဥပမာသော်ကား) တံစက်ရေ ကျဖန်များသော် စရည်းအိုးကြီးပင်ဖြစ်လင့်ကစား ပြည့်လျှံရသည်။ ပျားကောင်ငယ်သည် ပန်းဝတ်ရည်ကို တဖြည်းဖြည်း စုဆောင်းသောအခါ ပျားအုံတွင် ပျားရည်ပြည့်လျှံရသည်။ ခြခုံးသည် မြေမှုန့်ကို တရွေ့ရွေ့သယ်ယူကာ တည်ဆောက်သောအခါ ခြတောင်ပို့ကြီး ဖြစ်လာရသည်။ လူလိမ္မာတို့သည် ထိုအခြင်းအရာတို့ကို အတုယူကျင့်သုံး၍ ဥစ္စာရှာဖွေ စုဆောင်းရာတွင် တတ်ကျွမ်းကြစေလော့။ ကြွက်သေကောင်တစ်ခုကို အရင်းအနှီးပြု၍ အလွန်ကြွယ်ဝသွားသော စူဠသေဋ္ဌိသူဌေး၏ လုပ်နည်းကိုင်နည်းကို နှလုံးမူလျက် နက်နဲစွာ ကြံစည်ပြီးလျှင် သူတစ်ပါးထက် ကြွယ်ဝချမ်းသာအောင် လုပ်ကိုင်ကြလော့။

---

မှတ်ချက်။ ။ ၁-ခြပုန်းဟုရှိကြသည်။ ဝေါဟာရတ္ထပကာသနီကျမ်း ၇၄၇ လာမူအတိုင်း ခြခုံးဟု ပြင်လိုက်သည်။

mgyoe.com

mgyoe.com



၁၉။ ။ လုံ့လပညာ၊ လိမ္မာတတ် ကုံ၊ ဆင်စွယ်စုံသို့၊ ကိုယ်ယုံမြဲမြဲ
ကောင်းအောင် သံသား[၁]၊ လုပ်ကြံသေသတ်
ယောကျ်ားမြတ်တို့၊ မှတ်သည့်အတိုင်း
ပြည့်လှိုင်းချမ်းသာ၊ စီးပွားရှာလော့[၂]။
ပညာချို့တဲ့၊ လုံ့လမဲ့ဟု၊ ကဲ့ရဲ့သဂြိုဟ်၊ သူများဆိုလည်း[၃]
ကိုယ်ကိုမချစ်၊ အကျင့်ညစ်သား[၄]၊ အပြစ်ဖွဲ့ဖို့၊ သူသွမ်းတို့ကား
မည်သို့မသိ၊ ပျင်းရိရိလျှင်၊ ရှိသည်ကိုယ်ဘို့၊ ကုသိုလ်ပို့က[၅]
ငါတို့နေရာ၊ စီးပွားလာအံ့[၆]။
ကြမ္မာကိုချည်း၊ မှတ်ထင်ရည်းရှင့်[၇]
ကျင့်နည်းညံ့ဆုံး၊ သူပျက်ထုံးကို[၈]
နှလုံးမငြိတွယ်စေနှင့်မင်း[၉]။ ။

၁၉။ ။ အစွယ်နှစ်ချောင်း အစုံရှိသော ဆင်နှင့်တူစွာ ကြိုးစားမှုလုံ့လနှင့် အတတ်အလိမ္မာ ပညာ နှစ်ပါးပြည့်စုံသော၊ မိမိကိုယ်ကို မြဲမြဲစွာ ယုံကြည်အားကိုးသော၊ ကောင်းစားအောင် ရည်မှန်း၍ သေသေသပ်သပ် ကြံစည်လုပ်ကိုင်တတ်သော ယောကျ်ားမြတ်တို့သည် ရည်မှတ်လုပ်ကိုင်သည့်အတိုင်း သင်တို့သည်လည်း ချမ်းသာစီးပွား ပြည့်ဝကုံထံအောင် ရည်မှတ်လုပ်ကိုင်ရှာဖွေကြလော့။ မိမိကိုယ်ကိုမျှ ချစ်ရမှန်းမသိသော၊ အမူအကျင့် ညစ်ညမ်းသော၊ သူတစ်ပါးအပေါ်တွင် အပြစ်ဖို့တတ်သော သူသွမ်း သူပျက်တို့သည်ကား ပညာမရှိသူဟူ၍ လည်းကောင်း၊ လုံ့လမရှိသူဟူ၍ လည်းကောင်း သူတစ်ပါး၏ ကဲ့ရဲ့သဂြိုဟ်အပြစ်ဆိုခြင်းကို ခံရသော်ငြားလည်း မရှက်တတ်၊ မကြောက်တတ် မည်သို့မျှမသိတတ်ကြဘဲ ပျင်းရိမြဲ ပျင်းရိနေတတ်ကြသည်။ မိမိကိုယ်ဖို့ စီးပွားရှိနေလျှင် မိမိထံသို့ ကုသိုလ်က(ကြမ္မာက) ပို့ဆောင်ပေး၍ ရောက်လာလိမ့်မည်ဟု ကံကြမ္မာကိုချည်း ရည်မှတ်အားကိုးနေတတ်ကြ၏ရှင့်။ ဤကဲ့သို့ အညံ့ဆုံးသော အမူအကျင့်ရှိသည့် သူပျက်တို့၏ နည်းနာကို စိတ်နှလုံး၌ အငြိအတွယ် မဖြစ်ကြပါစေနှင့်။

မူကွဲ။ ။ ၁–စိတ်ကောင်းသန်လျက်။ အဲခိုးသန်လျက်။ ၂–စီးပွားလာ၏။ ၃–လူများဆို၏။ ၄–ကျင့်မူ ညစ်နှင့်။ ၅–ရှိသည်ကောင်းဘို့ ကြမ္မာပို့က။ ၆–စီးပွားလာဟု။ ၇။ မှတ်ထင်ရည်း၍။ ၈– ကျင့်နည်းသွမ်းဆုံး၊ သူပျင်းထုံးကို။ ၉–နှလုံးမငြိတွယ်စေမင်း။

mgyoe.com

mgyoe.com

၂၀။ ။ ကြောင်းပါးခရီး၊ လမ်းအနီး၌[၁]
ပင်ထီးပညောင်[၂]၊ မြစ်တထောင်နှင့်
မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်
ရိပ်လည်းမြိုင်မြိုင်၊ လေမနိုင်လျှင်
ပြွတ်ခိုင်သီးမှည့်[၃]၊ အပြည့်ကျေးငှက်
စားလျက် သောင်းသဲ၊ မှိဝဲ လူဗိုလ်
ရိပ်ခိုအများ၊ ခရီးသွားတို့၊ နေနားပျော်ရွှင်၊ ထိုသစ်ပင်ကား
ဝင်လာသသူ၊ ခပ်သိမ်းလူကို
ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့
လူ့ဘောင်ကောင်းကြွယ်[၄]၊ လူကုံကယ်လည်း[၅]
ထိုနှယ်လည်းကောင်း၊ ဖြစ်တုံရှောင်း၍[၆]
မျိုးပေါင်း ဆွေဝါး၊ လူအများကို
သနားကြင်နာ၊ စီးပွားရှာ၍[၇]၊ မေတ္တာမကင်း၊ မစခြင်းဖြင့်
ထံရင်းမှီကိုးကွယ်စေမင်း။ ။

၂၀။ ။ ခရီးလမ်းကြောင်း အနီးအပါး၌ ပညောင်ပင်တစ်ပင်သည် အထီးတည်း ပေါက်လျက်ရှိသည်။ ထိုပညောင်ပင်တွင် အမြစ်ပေါင်းများစွာ တွဲလျားကျလျက်ရှိသည်။ အခက် အလက်တို့လည်း များစွာရှိသည်။ အရွက်တို့သည်လည်း

မှတ်ချက်။ ။ ၁–ကြောင်းပေါ်ခရီး၊ လမ်းအနီး၌။ ကျောင်းတော်ခရီး၊ လမ်းမကြီး၌။ ၂–ပင်ကြီးပညောင်။ ၃–ပွင့်ခိုင်သီးမှည့်။ ၄–လူ့ဘောင်တင့်တယ်။ လူ့ဘောင်သူကြွယ်။ ၅–လူကုန်သွယ်လည်း။ ၆–(အချို့မူတွင် ၍အပိုဒ်မပါ။) ၇–စီးပွားချမ်းသာ၊ နေ့တိုင်းရှာလျက်။

mgyoe.com

mgyoe.com

စေ့စေ့စိပ်စိပ် သိပ်သိပ်သည်းသည်း ရှိသည်။ အရိပ်အာဝါသလည်း မြိုင်မြိုင်ဆိုင်ဆိုင် ရှိသည်။ ထိုပညောင်ပင်ကို လေတိုက်သော်လည်း မလဲပြိုနိုင်ပါ။ အသီးတို့သည် အခိုင်အပြွတ် မှည့်လျက်ရှိကြသည်။ ကျေးငှက်တို့သည် သစ်ပင်အပြည့်အသီးတို့ကို ဆူညံစွာ အော်ဟစ်စားသုံးနေကြသည်။ ခရီးသွားသူ လူအများသည် ထိုပညောင်ပင်၏ အရိပ်တွင် ဝင်ရောက်ခိုအောင်းကာ မှီဝဲနားနေ ပျော်ရွှင်ကြသည်။ ထိုပညောင်ပင်သည် ခိုဝင်လာသူအားလုံး၏ ပူအိုက်ခြင်းကို ငြိမ်းအေးစေလျက် စီးပွားကို ဆောင်သကဲ့သို့ လူ့လောကတွင် ကြွယ်ဝချမ်းသာသောသူသည်လည်း ထိုနည်းတူစွာ ဆွေမျိုးသားချင်းမှစ၍ လူအများကို သနားကြင်နာသဖြင့် ထိုသူတို့၏ အစီးအပွားကို ရှာပါလော့။ ထိုသူတို့အပေါ်တွင် မေတ္တာထား၍ ကူညီမစသဖြင့် မိမိထံတွင် မှီခိုအားကိုးကြပါစေလော့။

mgyoe.com

mgyoe.com

၂၁။ ။ ပျူပျူငှာငှာ၊ လူတကာကို
သာသာချိုချို၊ ချစ်ဖွယ်ဆို၍
စိုစိုပြည်ပြည်၊ ချစ်မူနည်းနှင့်[၁]
လည်လည်ပတ်ပတ်၊ လောကဝတ်၌
ပြတ်ပြတ်သားသား၊ အပြားပြားလျှင်
မှုများ ခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်
သူစိမ်းသူကျက်၊ ပေါင်းဖက်သရွေ့
မိဘတွေ့သို့၊ မွေ့မွေ့လျော်လျော်
ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်
ဝတ်စားပေးပွံ့၊ ဖြည့်ဖြိုးနှံ့လျက်
အလွှံ့ ကျွန်ကျေး[၂]၊ ဆွေသားမြေးကို
ကျွေးမွေးမညှိုးငယ်စေမင်း[၃]။ ။

၂၁။ ။ လူတိုင်း လူတိုင်းကို ချစ်ဖွယ်သောစကားဖြင့် ပျူပျူငှာငှာ သာသာ **ချိုချို** ပြောဆိုကြလော့။ လောကဝတ္တရား အမျိုးမျိုးနှင့် အမှုခပ်သိမ်းတို့ကို လည်လည် ပတ်ပတ် ပြတ်ပြတ်သားသားဖြင့် ဆောင်ရွက်သည့်အခါတိုင်း ပြီးငြိမ်းစေကြလော့။ မိမိတို့နှင့် ပေါင်းဖက်မိသရွေ့ သူစိမ်းသူကျက်တို့ကို အမိအဖနှင့် တွေ့ရသောအခါ၌ ကဲ့သို့ မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါး ပျားကဲ့သို့ချိုသော နှုတ်ထွက်စကားဖြင့် ခေါ်ပြောကြလော့။ အဝတ်အစားပေး၍လည်း ထောက်ပံ့ကြလော့။ တစ်ယောက် မကျန် နှံ့နှံ့စပ်စပ် အလိုဖြည့်ကြလော့။ သားမြေး ဆွေမျိုး ကျေးကျွန် အားလုံးတို့ကို မညှိုးငယ်ရအောင် ကျွေးမွေးပြုစုကြလော့။

---

မှတ်ချက်။ ။ ၁–ကျင့်မူနည်းဖြင့်။ ၂–(ဝေါဟာရတ္ထ ပကာသနီကျမ်း ၅၅၂ လာမူအတိုင်း ဖြစ်သည်။) မူကွဲ တို့မှာကား ဝတ်စားပေးပန့်၊ ဖြည့်ဖြိုးဖြန့်လျက်၊ အဝှန့်ကျွန်ကျေး။ ဝတ်စားထောက်ပံ့၊ ဖြည့်ဖြိုးဖြန့်လျက်၊ အနှံ့ကျွန်ကျေး။ ဝတ်စားထောက်ပင့်၊ ဖြန့်ဖြိုးဆင့်လျက်၊ အတင့် ကျွန် ကျေးတို့ ဖြစ်ကြသည်။ ၃–ငယ်စေနှင့်မင်း။

mgyoe.com

mgyoe.com

၂၂။ ။ **လောကသာရ၊ ကျမ်းအစ၌**
**ဆုံးမစကား၊ မျိုးလေးပါးတို့**
**မှတ်သားစိမ့်ငှာ၊ ပျို့လင်္ကာ ဖြင့်**
**နည်းနာထွေပြား၊ လုံးပေါင်းကြားသည်[၁]**
**တခြား ပထမပိုင်းတည်း။ ။**

၂၂။ ။ လောကသာရ ကျမ်း၏အစ အဦး၌ အမျိုးလေးပါးတို့ မှတ်သားစေခြင်းငှာ ဆုံးမစကားတို့ကို နည်းနာအမျိုးမျိုးသုံးလျက် ပျို့လင်္ကာအသွားဖြင့် စုပေါင်းကာ (ငါသူမြတ်) ပြောကြားခဲ့သည်မှာ တစ်သီးတခြား ပထမပိုင်းဖြစ်ပေသည်။

---

မှတ်ချက်။ ။ ၁-လုံးပေါင်းကြားသည်။ လုံးပုံကြားသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လောကသာရပျို့

(ဒုတိယပိုင်း)

**မင်းဆုံးမခန်း**

mgyoe.com

mgyoe.com

၂၃။ ။ ပြည်သူ့ထွတ်ဦး၊ ဘုန်းရောင်မြူးသည်
ရန်ငှူး လူ့ဘောင်၊ ထွတ်ခေါင် ရာဇာ[1]
ဆုံးမ နာလော့[2]။
မဟာသမ္မတ၊ ခတ္တိယတို့
နေကျကျင့်ရိုး၊ ကောင်းကျိုးအလှူ
စွန့်ကြမှုလျက်၊ စိတ်ဖြူဖြောင့်စင်း
နူးညံ့ခြင်းနှင့်၊ သီတင်းစောင့်စည်း
မျက်နည်း သည်းခံ၊ ခြိုးခြံသမှု
မပြုညှဉ်းဆဲ၊ ဆင်းရဲမရှာ
မေတ္တာပွားဖြန့်[3]၊ လူအဝှန့်အား
မဆန့်ကျင်စေ၊ ဤသို့ရေသား
ဆယ်ထွေစောင့်ကြပ်၊ တရားကွပ်၍
လက်ယပ်ခေါ်ပြု၊ သင်္ဂြိုဟ်မှုလည်း
လေးခုအစေ့၊ ပြကတေ့ ဖြင့်
ကျင့်လေ့ မကြွင်း ကျန်စေမင်း။ ။

၂၃။ ။ ပြည်သူတို့၏ အထွတ်အဦးဖြစ်သော၊ဘုန်းရောင်မြူးသော၊ရန်ညွှန့်ကို ခူးသော၊လူတို့တွင် အထွတ်အခေါင်ဖြစ်သော မင်းတို့ကို (ကျွန်ုပ်သူမြတ်) ဆုံးမအံ့။ နားထောင်ကြလော့။ မဟာသမ္မတ စသော မင်းမျိုးတို့ ကျင့်နေကျ ကျင့်ရိုးတရား

မှတ်ချက်။ ။ ၁–ပြည်သူ့ ချစ်ဘ၊ လောက ပတိ၊ မြေကြီး သေဌ်နင်း၊ မင်းတို့ကျင့်ရာ။ ၂–(အချို့မူတွင် ကမ္ဘာအစဟု အပိုဒ်ပါသည်။) ၃–မေတ္တာပွားပြန့်။ မေတ္တာ သက်ဖြန့်။

mgyoe.com

mgyoe.com


ဆယ်ပါးရှိသည်။ (၁) ကောင်းကျိုးကို ဖြစ်စေနိုင်သည့် အလှူပေးခြင်း ဒါန။ (၂) စွန့်ကြဲခြင်း ပရိစ္စာဂ။ (၃) စိတ်သဘော ဖြူစင်ဖြောင့်စင်းခြင်း အဇ္ဇဝ။ (၄) နူးညံ့ခြင်း မဒ္ဒဝ။ (၅) သီတင်းစောင့်စည်းခြင်း သီလ။ (၆) အမျက်နည်းခြင်း အက္ကောဓ။ (၇) သည်းခံခြင်း ခန္တီ။ (၈) ငြိုးခြံသမှုပြုခြင်း တပ။ (၉) မညှဉ်းဆဲခြင်း၊ ဆင်းရဲ မရှာခြင်း၊ မေတ္တာပွားဖြန့်ခြင်း အဝိဟိံသ။ (၁၀) လူအများနှင့် မဆန့်ကျင်ခြင်း အဝိရောဓန ဟူ၍ ဤသို့ရေတွက်အပ်သော တရားဆယ်ပါးကို စောင့်ကြပ်ကာ တိုင်းပြည်ကို အုပ်ကွပ်ပါ။ မိမိနိုင်ငံတွင် နေထိုင်ချင်အောင် လူအများအား လက်ယပ်ခေါ်တတ်သော သင်္ဂဟတရားလေးပါးတို့ကိုလည်း ရှိရင်းအတိုင်း စေ့စုံစွာ လေ့ကျင့်ကြရာတွင် မကြွင်းမကျန်ပါစေနှင့်။

mgyoe.com

mgyoe.com

၂၄။ ။ ပြည်ကြီးသနင်း၊ မင်းဟူသည်ကား
ကြံစည်သူ့ထက်၊ ဆယ်ဆတက်၍
အိပ်စက်နည်းပါး၊ လူအများကို
စီးပွားချမ်းသာ၊ နေ့တိုင်းရှာလျက်[၁]
အခါခပ်သိမ်း၊ မုဒိမ်းခိုးသူ
မပြုစေရ[၂]၊ ဆုံးမကွပ်ညှပ်
ပညပ်မလွန်၊ ရှေးမင်းမွန်တို့
ညွှန်ခဲ့သောတိုင်း၊ ကျင့်သမိုင်းဖြင့်
နှုန်းရှိုင်းမယွင်း၊ တမျဉ်းခင်းသို့
ကျင့်ခြင်းမချွတ်၊ တည့်မတ်မတ်လျှင်[၃]
လူနတ်ချစ်ဖွယ်၊ ကျေးဇူးကြွယ်လျက်
ကျင့်နွယ်လမ်းရိုး မှန်စေမင်း။ ။

၂၄။ ။ တိုင်းကြီး ပြည်ကြီးရှင်ဖြစ်သော မင်းတို့မည်သည်ကား သူတစ်ပါးထက် ဆယ်ဆတိုးတက်၍ ကြံစည်ကြရာ၏။ အိပ်စက်ရာတွင်လည်း အနည်းငယ်သာ အိပ်စက်ကြရာ၏။ တိုင်းသူပြည်သား လူအများ၏ စီးပွားချမ်းသာကိုလည်း နေ့တိုင်း ရှာကြရာ၏။ သူခိုးသူဓားပြတို့ မပြုမထွက်ရအောင်လည်း အခါခပ်သိမ်း ဆုံးမကွပ်ညှပ် နှိမ်နင်းကြရာ၏။ ရှေးမင်းကောင်း မင်းမြတ်တို့ ပညတ်ခဲ့သော စည်းကမ်းဥပဒေတို့ကိုလည်း လွန်ကျူး၍ မလုပ်ကြရာ။ ရှေးမင်းကောင်း မင်းမြတ်တို့ ညွှန်ကြားခဲ့သော ကျင့်ရိုးကျင့်စဉ် သမိုင်းနှင့်အညီ မျဉ်းဖြောင့်ဆွဲသည်နှင့်အတူ မယွင်းမမှားစေဘဲ ကျင့်ကြရာ၏။ အကျင့်ကို မချွတ်တိမ်း တည့်မတ်စေပြီးလျှင် လူရောနတ်ပါ ချစ်ခင်လေးစားဖွယ်ဖြစ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကျင့်ရိုးကျင့်စဉ် လမ်းမှန်ကြပါစေလော့။

မူကွဲ။ ။ ၁–နေ့တိုင်းရှာလော့။ ၂–မပူစေရ။ ၃–တည့်တည့်မတ်လျက်။ တည့်တည့်မတ်၍။

mgyoe.com

mgyoe.com


၂၅။ ။ မမေ့မလျော့၊ မပေါ့လုပ်ကြံ
ကျွန်ကိုယ်ရံလည်း၊ မြဲမြဲစောင့်ရှောက်
ထက်အောက်တွင်းပြင်၊ မွှမ်းဖျင်အပြည့်
အိပ်ဖန်ထည့်လျက်၊ အကြည့်အရှု
အမှုမသင့်၊ အကျင့်မကောင်း
အဟောင်းအသစ်၊ ထွက်ဝင်စစ်၍
ကျွန်ချစ်ကျွန်ယုံ၊ ထမ်းကုံမှုများ
ရေးခြားမြော်မြင်၊ တိုင်ပင်ကြံသီး
အမတ်ကြီးကို၊ အနီးထံပါး
လက်စောင်ထား၍[၁]
ယုံမှားမဲ့လျှင်း၊ နှလုံးသွင်းလျက်
ချစ်ခြင်းသူ့ထက် လွန်စေမင်း။ ။

၂၅။ ။ မင်းသည် လုပ်ဖွယ် ကြံဖွယ်တို့၌ မေ့လျော့ပေါ့တန်ခြင်း မရှိစေရ။ ကျွန်တို့ကို မိမိအား ဝန်းရံစေ၍ အမြဲအစွဲ စောင့်ရှောက်စေရာ၏။ အိပ်စက်သော အခါ၌ အိမ်တော် နန်းတော်တို့၏ အတွင်းအပြင် အထက်အောက်တို့တွင် အိပ်ဖန် စောင့်သူတို့ကို အပြည့်အများ ထားရာ၏။ ကျေးကျွန် အမှုထမ်းတို့၏ လုပ်ပုံကိုင်ပုံ သင့်မသင့်၊ အကျင့်ကောင်းမကောင်းကို ကြည့်ရှုလေ့လာရာ၏။ အမှုထမ်းဟောင်း များ ထွက်သည်ကိုလည်းကောင်း၊ အမှုထမ်းသစ်များ ဝင်သည်ကို လည်းကောင်း စစ်ဆေးမှတ်သားရာ၏။ မိမိကိုချစ်၍ မိမိက ယုံကြည်စိတ်ချရသောအမှုကိစ္စကို ပြည့်စုံအောင် ထမ်းရွက်တတ်သော၊ လိမ္မာရေးခြားရှိ၍ အမြော်အမြင်နှင့် ပြည့်စုံ သော၊ တိုင်ပင်ထိုက်လောက်အောင် အကြံအစည်ထူးခြားသော အမတ်ကြီးကို မိမိ အနီးထံပါးသို့ အသင့်ထားရာ၏။ ထို့ပြင် ထိုအမတ်ကြီးကို ယုံမှားခြင်း ကင်းစွာ နှလုံးသွင်းလျက် သူတစ်ပါးကိုထက် ပိုလွန်ချစ်ခင်ရာ၏။

မူကွဲ။ ။ ၁–သက်စောင့်ထား၍။

mgyoe.com